စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၆/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၄) ရက်

| ၂၄- ၄- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၃၈၈.၁၂ |
| စင်္ကာပူဒေါ်လာ | ၁၆၀၀.၁၂ |
| စတာလင်ပေါင် | ၂၇၉၃.၅၃ |
| ဂျပန်ယန်း (၁၀၀) | ၁၄၇၂.၁၉ |
| တရုတ်ယွမ် | ၂၈၇.၉၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၆၇ |
| အိန္ဒိယရူပီး | ၂၄.၆၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၁၆ |
| မလေးရှား ရင်းဂစ် | ၄၇၉.၇၃ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၁၄ |
| ထိုင်းဘတ် | ၆၂.၇၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၇ |


လယယာသီးနှံ ... ဝဏ္ဏ
ကနေ့ ... နေ ...
စမူ ... နေ ...
... မဘာ ... )
ဖုန်း ... ၈၉၆၅။ ...
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

▪ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံအထွက်နှုန်းသည် လာမည့်ဆယ်စုနှစ်အတွင်း မြင့်တက်လာမည်

➢ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား အအေးခန်းကွန်တိန်နာသဘော်လမ်းကြောင်းသည် နှစ်နိုင်ငံကုန်သွယ်မှုကို မြင့်တင်ပေးလျက်ရှိ

➢ တရုတ်နိုင်ငံမှ ထောပတ်သီးတင်သွင်းသူများသည် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရှာဖွေရန်အတွက် ဇင်ဘာဘွေနိုင်ငံသို့ သွားရောက်လေ့လာခဲ့

➢ တရုတ်နှင့် ဘရာဇီးလ်နိုင်ငံတို့သည် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင် လုပ်ဆောင်လာကြ

➢ အမေရိကန်၏ အခွန်နှုန်းသတ်မှတ်မှုကြောင့် သက်ရောက်မှုကို လျှော့ချနိုင် ရန်အတွက် စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန်လျှော့ချရန် အင်ဒိုနီးရှားစားအုန်းဆီ ထုတ်လုပ်သူများ အသင်းက အဆိုပြု

➢ ရုရှားနိုင်ငံသည် ယခုနှစ်တွင် ဓာတ်မြေဩဇာတင်ပို့မှုကို ၅ ရာခိုင်နှုန်း မြှင့်တင်မည်

➢ ဂျပန်အစိုးရမှ ရောင်းချခဲ့သည့် အရန်ဆန်များကို ၂၀၂၅ ခုနှစ်၊ မတ်လကုန်တွင် စတင်ဝယ်ယူနိုင်တော့မည့် သတင်းအား တင်ပြခြင်း

- **အထွေထွေသတင်းများ**

- အီးယူ၏ fatty acid နှင့်စပ်လျဉ်း၍ စုပုံတင်သွင်းမှုတားဆီးရေးမူဝါဒ (anti-dumping policy) ကြောင့် ကုန်သွယ်ရေးထိခိုက်မှုရှိကြောင်း အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများအသင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ စွဲချက်တင်ပြထားခြင်း
- ၁ ကီလိုဂရမ်လျှင် ကန်ဒေါ်လာ ၆၅ အောက်တန်ဖိုးရှိသော လူသားဆံပင် ကုန်ကြမ်းတင်ပို့မှု အိန္ဒိယ အစိုးရပိတ်ပင်
- Apple ကုမ္ပဏီသည် အိန္ဒိယနိုင်ငံမှ iPhone ဖုန်း အလုံးရေ ၁ ဒသမ ၅ သန်းခန့် (ခန့်မှန်း ၆ဂဂ တန်) ကို ကုန်တင်လေယာဉ် ၆ စီးဖြင့် အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းမှ သယ်ယူပို့ဆောင်
- ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အင်ဒိုနီးရှားတို့အကြား FTA သဘောတူညီချက်စာချုပ်ကို ဇွန်လတွင် လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်း

# တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံအထွက်နှုန်းသည် လာမည့်ဆယ်စုနှစ်အတွင်း မြင့်တက်လာမည်

သီးနှံအထွက်နှုန်းမြင့်မားလာခြင်းနှင့် ကောင်းမွန်သည့်စိုက်ပျိုးရေးမူဝါဒများကြောင့် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံအထွက်နှုန်းသည် ယခုနှစ်နှင့် လာမည့်ဆယ်စုနှစ်အတွင်း ဆက်တိုက်တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း တရုတ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ၂၀-၄-၂၀၂၅ ရက်နေ့က ထုတ်ပြန်သော စိုက်ပျိုးရေးဆိုင်ရာမျှော်မှန်းချက်အစီရင်ခံစာအသစ်အရ သိရှိရပါသည်။

ဝန်ကြီးဌာန၏ ဈေးကွက်ကြိုတင်အသိပေးရေးကျွမ်းကျင်သူအဖွဲ့မှ ထုတ်ပြန်သော China Agricultural Outlook (2025–2034) အရ ယခုနှစ်တွင် စုစုပေါင်းကောက်ပဲသီးနှံအထွက်နှုန်းမှာ မက်ထရစ်တန် (၇၀၉)သန်းရှိပြီး ယခင်နှစ်ကထက် (၀.၄)ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပြီး ပျမ်းမျှကောက်ပဲသီးနှံအထွက်နှုန်းမှာ တစ်ဟက်တာလျှင် (၅.၉)တန်အထိ မြင့်တက်လာနိုင်ကာ စုစုပေါင်းစိုက်ကေမှာ ဟက်တာ (၁၁၉)သန်းခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။

အစီရင်ခံစာသည် လာမည့်(၁၀)နှစ်အတွင်း လယ်ယာထွက်ကုန် ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုကို ခန့်မှန်းထားခြင်းဖြစ်ပြီး ၂၀၃၄ ခုနှစ်တွင် ကောက်ပဲသီးနှံ အထွက်နှုန်းသည် တစ်ဟက်တာလျှင် (၆.၃)တန် တိုးလာပြီး ရာခိုင်နှုန်းအားဖြင့် (၇.၈)ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကာ စုစုပေါင်းအထွက်နှုန်းမှာ တန်ချိန် (၇၅၃) သန်းအထိရှိမည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ပြည်တွင်း ပဲပုပ်စိုက်ပျိုးမှု တိုးချဲ့လာသည်နှင့်အမျှ ယခုနှစ်တွင် ပဲပုပ်ထုတ်လုပ်မှုသည် တန်ချိန် (၂၁.၁၇)သန်းရှိမည်ဖြစ်ပြီး (၂.၅)ရာခိုင်နှုန်း တိုးလာမည်ဟု မျှော်မှန်းထားကြောင်း၊ ပဲပုပ်တင်သွင်းမှုသည် ယခင်နှစ်က တန်ချိန် (၁၀၅.၀၃)သန်းသို့ စံချိန်တင်ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ကထက် (၆.၅)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဘရာဇီးလ်၊ အမေရိကန်နှင့် အာဂျင်တီးနားတို့သည် တရုတ်နိုင်ငံသို့ ပဲပုပ်တင်သွင်းသည့် ထိပ်တန်း (၃)နိုင်ငံဖြစ်ပြီး ဘရာဇီးလ်သည် စုစုပေါင်း တင်သွင်းမှု၏ (၇၁)ရာခိုင်နှုန်း၊ အမေရိကန်သည် (၂၁) ရာခိုင်နှုန်းနှင့် အာဂျင်တီးနားသည် (၄)ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ပိုမိုကောင်းမွန်သောမူဝါဒအထောက်အပံ့များကြောင့် တရုတ်ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုသည် တဖြည်းဖြည်းမြင့်တက်လာကြောင်း ဈေးကွက်ကြိုတင်သတိပေးရေး ကျွမ်းကျင်မှုကော်မတီ၏ အထွေထွေအတွင်းရေးမှူး Xu Shiwei က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

လာမည့်ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပဲပုပ်အထွက်နှုန်းသည် တစ်နှစ်လျှင် ပျမ်းမျှ (၅.၃) ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားပြီး ၂၀၃၄ ခုနှစ်တွင် ပဲပုပ်တင်သွင်းမှုသည် တန်ချိန် (၇၉.၀၃)သန်းအထိ သိသိသာသာ ကျဆင်းသွားဖွယ်ရှိကြောင်း Xu က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တင်သွင်းသည့်နိုင်ငံများ ပိုမိုကွဲပြားခြင်းနှင့် ဂျုံ၊ ပြောင်းနှင့် ပဲပုပ်ကဲ့သို့သော အဓိက ကုန်ပစ္စည်းများ တင်သွင်းမှု သိသိသာသာ ကျဆင်းလာခြင်းတို့နှင့်အတူ လယ်ယာထွက်ကုန် ကုန်သွယ်မှုတွင် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို မြင်တွေ့ရဖွယ်ရှိကြောင်း၊ စုစုပေါင်း ကောက်ပဲသီးနှံတင်သွင်းမှုသည် ၂၀၃၄ ခုနှစ်တွင် တန်ချိန် (၁၁၃)သန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းထားပြီး နှစ်စဉ် ပျမ်းမျှ (၃.၁)ရာခိုင်နှုန်း လျော့နည်းသွားမည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ယေဘုယျအားဖြင့် စိုက်ပျိုးရေးထွက်ကုန်များ စားသုံးမှုသည် တိုးတက်မှုနှေးကွေးလာလျက်ရှိပြီး စားသုံးသူများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ပိုမိုဦးစားပေး စားသုံးလာခြင်းသည် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုပုံစံ နှစ်ခုလုံးကို လွှမ်းမိုးလျက်ရှိကြောင်း၊ အာဟာရဆိုင်ရာ အသိပညာမြင့်မားလာခြင်းကြောင့် ဟင်းသီးဟင်းရွက်ဆီ စားသုံးမှုသည် လာမည့်ဆယ်စုနှစ်အတွင်း အနည်းငယ် ကျဆင်းလာမည်ဟု မျှော်လင့်ကြောင်း Xu က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အစီရင်ခံစာ ထုတ်ပြန်ချိန်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Jiang Wensheng က ကမ္ဘာနှင့် တရုတ်ပြည်တွင်း စိုက်ပျိုးရေးဈေးကွက်များတွင် မသေချာမရေရာမှုများ မြင့်တက်နေသည့်အတွက် သေချာစောင့်ကြည့်ခြင်းနှင့် ကြိုတင်သတိပေးခြင်း စနစ်များအပြင် ဈေးကွက်စည်းမျဉ်းများ မြှင့်တင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အခွန်စည်းကြပ်မှုများနှင့် ပထဝီဝင်နိုင်ငံရေးတင်းမာမှုများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာကုန်သွယ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း Jiang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် နိုင်ငံတကာ၌ လယ်ယာထွက်ကုန်ဈေးနှုန်းများ မတည်မငြိမ်ဖြစ်မှုသည် တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်ကို သိသိသာသာလှုပ်ခတ်သွားစေနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် ပြည်တွင်း၌ ပြင်းထန်သော ရာသီဥတုအခြေအနေများ၊ ပိုးမွှားများနှင့် ရောဂါများ၊ အမဲသားနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများ နိမ့်ကျခြင်းစသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း Jiang က အလေးပေးပြောကြားခဲ့ပြီး၊ ကြိုတင်ခန့်မှန်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် ပိုမိုကောင်းမွန်လာစေရန်အတွက် ဉာဏ်ရည်တု (artificial intelligence) နှင့် big data အပါအဝင် ခေတ်မီနည်းပညာများ၏ အရေးပါမှုကိုလည်း အလေးပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးတွင် AI နှင့် ဒစ်ဂျစ်တယ်ကိရိယာများ အသုံးချမှုကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များကို စီမံခန့်ခွဲမှုနှင့် အလားအလာများကို ကြိုတင်ခန့်မှန်းမှုတို့ကို ဆန်းသစ်တီထွင်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားအပြောင်းအလဲများကို ပိုမိုနားလည်နိုင်ပြီး စိုက်ပျိုးရေးကဏ္ဍလေ့လာသုံးသပ်ချက်များအတွက် နည်းပညာဆိုင်ရာ အခြေခံအုတ်မြစ်ကို ခိုင်မာစေမည်ဖြစ်ကြောင်း Jiang မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ပြည်တွင်းထုတ်လုပ်မှု မြင့်တက်လာပြီး စားသုံးမှုလျော့နည်းလာသည်နှင့်အမျှ လယ်ယာထွက်ကုန်အများစုကို တင်သွင်းမှု ကျဆင်းဖွယ်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း လယ်ယာကုန်ထုတ်စွမ်းအားတွင် အောင်မြင်မှုရရှိမည်ဟု မျှော်လင့်ထားကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပြီး ကောက်ပဲသီးနှံထုတ်လုပ်မှုစွမ်းရည်နှင့် လယ်ယာကဏ္ဍတွင် ကြုံတွေ့နေရသည့် အဓိကအန္တရာယ်များနှင့် စိန်ခေါ်မှုများကို လျော့ပါးသက်သာစေနိုင်မှုနှင့် ကိုင်တွယ်ဖြေရှင်းနိုင်မှုတို့တွင် တိုးတက်မှုများကို စောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source:

https://www.chinadaily.com.cn/a/202504/21/WS6805b156a3104d9fd3820980.html

english.scio.gov.cn/chinavoices/2025-04/21/content_117835047.html

Agribusiness & Trade

## တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား အအေးခန်းကွန်တိန်နာသင်္ဘော လမ်းကြောင်းသည် နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံ၏ တောင်ဘက်ဆုံးရှိ Fangchenggang ဆိပ်ကမ်းနှင့် ကမ္ဘောဒီးယားနိုင်ငံ Koh Kong ဆိပ်ကမ်းတို့အကြား အသစ်ဖွင့်လှစ်လိုက်သော "အအေးခန်းကွန်တိန်နာ+အထွေထွေ ကုန်ပစ္စည်းတင်" သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်စွမ်းရည်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အအေးခန်းစနစ်သစ်သည် စိုက်ပျိုးရေးကဏ္ဍအတွက် အလွန်အကျိုးရှိမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို သတ်မှတ်ထားသောအပူချိန်အတိုင်း တင်ပို့နိုင်မည်ဖြစ်ကြောင်း Cambodia Chinese Commerce Association ၏ ဒုတိယဥက္ကဋ္ဌ Lor Vichet က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အအေးခန်းစနစ်သည် လယ်ယာထွက်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းပေးနိုင်သည့်အပြင် Fangchenggang ဆိပ်ကမ်းမှ Koh Kong ဆိပ်ကမ်းသို့ တိုက်ရိုက်ပို့ဆောင်မှုသည် သယ်ယူပို့ဆောင်ချိန်ကိုလျှော့ချနိုင်ခြင်း၊ တစ်ဆင့်ပို့ဆောင်ရန်မလိုအပ်ခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းကဲ့သို့သော အခြားအကျိုးကျေးဇူးများစွာကိုလည်း ရရှိမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထွက်ကုန်များ၏ အထွက်နှုန်းသည် နှစ်စဉ်တိုးတက်နေသဖြင့် ယခုလမ်းကြောင်းသည် အလွန်အထောက်အကူပြုကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အဆိုပါလမ်းကြောင်းသစ်ကို မတ်လ (၁၅)ရက်နေ့တွင် ကြေညာခဲ့ပြီး နောက်တစ်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Wang Wenbin က တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ Fangchenggang ဆိပ်ကမ်းမှ ကမ္ဘောဒီးယားနိုင်ငံ Koh Kong ဆိပ်ကမ်းသို့ 'အအေးကွင်းဆက်+အထွေထွေကုန်ပစ္စည်းတင်' လမ်းကြောင်း၏ ပထမဆုံးသော ခရီးစဉ်အတွက် ဂုဏ်ယူကြောင်းနှင့် တစ်ဆင့်သယ်ယူပို့ဆောင်ရေးစနစ်နှင့် နှိုင်းယှဉ်ပါက(၇)ရက်သာကြာမြင့်မည့် တိုက်ရိုက်သင်္ဘောလိုင်းသည် ပို့ဆောင်ချိန်ကို (၅၀)ရာခိုင်နှုန်းနှင့် သယ်ယူပို့ဆောင်စရိတ်ကို (၂၀) ရာခိုင်နှုန်းကျော် လျှော့ချနိုင်သည်ဟု ၎င်း၏ ဆိုရှယ်မီဒီယာ၌ ရေးသားထားခဲ့ကြောင်း သိရှိရပါသည်။

လမ်းကြောင်းသစ်သည် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး အားကောင်းလာမှုကို ပြသနေခြင်းဖြစ်ပြီး အထူးသဖြင့် တရုတ်

နိုင်ငံသို့ ကမ္ဘောဒီးယားလယ်ယာထွက်ကုန်များ တင်ပို့မှုအားကောင်းလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါသယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘောဒီးယား လယ်ယာထွက်ကုန်များကို တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်စေရန် ကူညီပေးမည်ဖြစ်ပြီး ထုတ်ကုန်အရည်အသွေးကို ကြာရှည်ထိန်းသိမ်းထားနိုင်သည့်အပြင် သယ်ယူပို့ဆောင်ချိန်ကို လျှော့ချပေးသဖြင့် ကုန်ကျစရိတ်ကိုလည်း လျှော့ချပေးနိုင်ပြီး ကမ္ဘောဒီးယား၏ ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်၌ ပိုမိုယှဉ်ပြိုင်နိုင်စေမည်ဟု ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှု ဆက်လက်တိုးတက်လာပြီး ပို့ကုန်များတိုးလာပါက အအေးကွင်းဆက်သယ်ယူပို့ဆောင်ရေး လိုအပ်ချက်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံချက်အရ ၂၀၂၄ ခုနှစ်တွင် လယ်ယာထွက်ကုန် တန်ချိန် (၁၁.၇)သန်း တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် (၃၉) ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကာ အဆိုပါကုန်စည်များမှဝင်ငွေသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ (၄.၈)ဘီလီယံ ရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထွက်ကုန် ထုတ်လုပ်မှုသည် နှစ်စဉ်တိုးတက်နေပြီး အထူးသဖြင့် တရုတ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် RCEP သဘောတူညီချက်တို့ကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် ၎င်း၏ ပို့ကုန်တိုးမြှင့်ရန် အခွင့်အလမ်းများကို ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်ကြီးများအသင်း၏ ဒုတိယဥက္ကဋ္ဌ Lim Heng က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဆန်၊ ပြောင်း၊ သရက်သီး၊ ငှက်ပျောသီးစသည့် ပို့ကုန်ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လယ်ယာထွက်ကုန်များ ပိုမိုထုတ်လုပ်လာသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်နှင့် ယစ်မျိုးဌာန (GDCE) ၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်၊ ပထမနှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း နိုင်ငံတကာကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၉.၄၄၇)ဘီလီယံရှိကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ အကြီးဆုံး ကုန်သွယ်ဖက်

Agribusiness & Trade

အဖြစ် ဆက်လက်တည်ရှိနေပြီး စုစုပေါင်းကုန်သွယ်မှု၏ (၂၈.၁၈) ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ်၊ ပထမနှစ်လအတွင်း တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံကြား ကုန်သွယ်မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ (၂.၆၆၂)ဘီလီယံအထိ ရှိလာခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၂၁.၁) ရာခိုင်နှုန်း တိုးလာသည်ဟု GDCE မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202504/03/WS67ee2fafa3104d9fd381d862.html

## တရုတ်နိုင်ငံမှ ထောပတ်သီးတင်သွင်းသူများသည် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရှာဖွေရန်အတွက် ဇင်ဘာဘွေနိုင်ငံသို့ သွားရောက်လေ့လာခဲ့

ဇင်ဘာဘွေနိုင်ငံ၏ အမျိုးသားကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးအေဂျင်စီသည် Zimbabwe–China Avocado and Macadamia Inward Buyers Mission ကို Chipinge ၌ ဧပြီလ (၈)ရက်နေ့မှ (၁၀)ရက်နေ့အထိ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအဖွဲ့၏ ဆိုရှယ်မီဒီယာပေါ်ရှိ အစီရင်ခံစာများအရ အဆိုပါပွဲတွင် တရုတ်သွင်းကုန်လုပ်ငန်းရှင်များနှင့် ဇင်ဘာဘွေရှိ စိုက်ပျိုးထုတ်လုပ်သူများအကြား ဆွေးနွေးပွဲနှင့် နီးနှောဖလှယ်ပွဲများ ပါဝင်ကြောင်း၊ ဆွေးနွေးမှုများအတွင်း တရုတ်တင်သွင်းသူများသည် ဈေးကွက်ဝယ်လိုအားကို ရှင်းပြခဲ့ကြပြီး ဇင်ဘာဘွေနိုင်ငံကို အာဖရိက၏ ထောပတ်သီးနှင့် မက္ကဒေးမီးယား ထုတ်လုပ်မှုအတွက် အဓိကကျသည့် အချက်အချာနေရာအဖြစ် တည်ထောင်ရန် အစီအစဉ်များကို အကြမ်းဖျင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။ ကိုယ်စားလှယ်အဖွဲ့သည် ဇင်ဘာဘွေနိုင်ငံ၏ စိုက်ပျိုးမှုအလေ့အထများနှင့် ထုတ်လုပ်မှုစွမ်းရည်များကို ပိုမိုနားလည်သဘောပေါက်ရန် ဒေသတွင်းရှိ စိုက်ပျိုးရေးခြံများနှင့် ကုမ္ပဏီများသို့လည်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် တရုတ်နိုင်ငံသို့ တင်ပို့မည့် ဇင်ဘာဘွေ ထောပတ်သီးများအတွက် အပင်ပိုးမွှားဆိုင်ရာ လိုအပ်ချက်များကိုဖော်ပြသည့် ကြေညာချက်တစ်စောင်ကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း၊

Agribusiness Trade

တရုတ်ဈေးကွက်သို့ရောက်ရှိလာသော ထောပတ်သီးများသည် ဇင်ဘာဘွေနိုင်ငံ၏ မြေယာ၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ရေနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်တွင် မီသိုင်းဘရိုမိုက်ဆေးဖြင့် မှိုင်းတိုက်ခြင်းကို ဆောင်ရွက်ရမည်ဟု ညွှန်ကြားထားကြောင်း သိရှိရပါသည်။

အာဖရိကရှိ ထောပတ်သီး အဓိကထုတ်လုပ်သော နိုင်ငံများမှာ ကင်ညာ၊ တန်ဇန်းနီးယား၊ မိုဇမ်ဘစ်နှင့် ဇင်ဘာဘွေနိုင်ငံတို့ဖြစ်ကြောင်း၊ ကင်ညာနှင့် တန်ဇန်းနီးယားတို့သည် လတ်ဆတ်သောထောပတ်သီးများကို တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ခွင့်အား ၂၀၂၂ ခုနှစ်၊ ဇွန်လနှင့် နိုဝင်ဘာလများတွင် အသီးသီးရရှိခဲ့ကြပြီးဖြစ်ကာ တောင်အာဖရိကနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ဈေးကွက်ဝင်ရောက်ခွင့် ရရှိခဲ့ကြောင်း၊ ထောပတ်သီးသည် citrus fruits (oranges, mandarins, grapefruits, lemons, limes and sour oranges) ပြီးနောက် ဇင်ဘာဘွေနိုင်ငံမှ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိသည့် ဒုတိယမြောက်သစ်သီးဖြစ် ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.producereport.com/article/chinese-avocado-importers-visit-zimbabwe-potential-cooperation

........................................................................................................................................

## တရုတ်နှင့် ဘရာဇီးလ်နိုင်ငံတို့သည် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင် လုပ်ဆောင်လာကြ

တရုတ်နှင့်ဘရာဇီးလ်နိုင်ငံတို့သည် မကြာသေးမီက စီးပွားရေးဖလှယ်မှုများကို အရှိန်မြှင့်တင်လာခဲ့ပြီး နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်များ ရောင်းဝယ်ရေးသဘောတူညီချက်များကို ဆက်တိုက်ဆွေးနွေးလျက်ရှိသည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံက ကုန်သွယ်ရေးစည်းကြပ်ခွန်များအား မဆင်မခြင်ချမှတ်ခဲ့ခြင်းကို ဆန့်ကျင်သည့်လုပ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန်အတွက် China–Brazil Economic and Trade Exchange Conference ကို ဘရာဇီးနိုင်ငံ၊ São Paulo မြို့တွင် ၁၆–၄–၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်ဟု nfnews.com ၌ ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကွန်ဖရင့်သို့ စီးပွားရေးနှင့် စက်မှုလုပ်ငန်းအသင်းအဖွဲ့ဝင်များနှင့်အတူ အစိုးရအရာရှိများအပါအဝင် ကိုယ်စားလှယ် (၁၈၀)ကျော် တက်ရောက်ခဲ့ပြီး São Paulo၊ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသနှင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ်ရှိ Zhuhai တို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အလေးပေးဖော်ပြခဲ့ကြကြောင်း၊ အဆိုပါအခမ်းအနားတွင် မြို့ကြီးသုံးမြို့၏ စီးပွားရေးနှင့် ကုန်သွယ်ရေး အားသာချက်များနှင့် စက်မှုဇုန်များ ပေါင်းစပ်ခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြပြီး ယွမ်သန်း (၃၀၀) (အမေရိကန်ဒေါ်လာ ၄၀.၈၂ သန်း) တန်ဖိုးရှိ သဘောတူညီချက်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

Zhuhai ရှိ Gaolan ဆိပ်ကမ်းကို ဘရာဇီးလ်နိုင်ငံနှင့် ကွမ်တုန်း–ဟောင်ကောင်–မကာအို မဟာပင်လယ်အော်ဒေသနှင့် ဆက်သွယ်ပေးသည့် အရေးကြီးသော ကုန်သွယ်ရေးအချက်အချာအဖြစ် အသွင်ပြောင်းရေးကို နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုကြောင့် တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်နှင့် အမဲသားရောင်းချသူများ ရှာဖွေရန် အရေးတကြီးလိုအပ်နေသဖြင့် တရုတ်နိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့မှ စိုက်ပျိုးရေးအရာရှိများသည် ယခုသီတင်းပတ်အတွင်း Brasília တွင် တွေ့ဆုံနေကြသည်ဟု South China Morning Post (SCMP) က ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အစည်းအဝေးများတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုပ်နှင့် အမဲသားကဲ့သို့သော လယ်ယာထွက်ကုန်များတင်ပို့ရေးနှင့် အမေရိကန်၏ အခွန်တိုးမြှင့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း ဘရာဇီးလ် အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အခြားသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အခြေခံအဆောက်အဦကဏ္ဍလည်း ပါဝင်ကြောင်း၊ ဘရာဇီးလ်နိုင်ငံမှ ပီရူးနိုင်ငံရှိ Chancay ဆိပ်ကမ်းနှင့် ချိတ်ဆက်မည့် မီးရထားလမ်း စီမံကိန်းကိုလည်း ဆွေးနွေးခဲ့ကြောင်း ဘရာဇီးလ်နိုင်ငံ၊ စီမံကိန်းဝန်ကြီးဌာနရှိ အဖွဲ့အစည်းဆိုင်ရာ

Agribusiness & Trade

ညှိနှိုင်းရေး အတွင်းရေးမှူး Joao Villaverde ၏ ပြောကြားချက်ကို ကိုးကား၍ SCMP က ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်အစိုးရ၏ စည်းကြပ်ခွန်များကြောင့် အခြားနိုင်ငံများသည် အန္တရာယ်များကို ကာကွယ်ရန်အတွက် ထိရောက်၍ အပြန်အလှန်အကျိုးရှိသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်လာကြသည်ဟု တရုတ်သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် လွန်ခဲ့သောနှစ်များ ကတည်းက တရုတ်နိုင်ငံသည် လယ်ယာထွက်ကုန်များကို နိုင်ငံစုံမှ တင်သွင်းရေးကို အလေးထားဆောင်ရွက်ခဲ့ရာ ဘရာဇီးလ်နိုင်ငံသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်ဟု တရုတ်လူမှုသိပ္ပံအကယ်ဒမီမှ လက်တင်အမေရိက လေ့လာရေးကျွမ်းကျင်သူ Zhou Zhiwei က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဘရာဇီးလ်၊ အာဂျင်တီးနားနှင့် ဥရုဂွေးတို့ အပါအဝင် လက်တင်အမေရိကနိုင်ငံများသည် စိုက်ပျိုးရေးထွက်ကုန်များထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အလားအလာများစွာရှိသည်ဟု Zhou က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးနိုင်သည့်မြေ အကန့်အသတ်ဖြင့်သာရှိပြီး လူဦးရေ (၁.၄)ဘီလီယံရှိသည့် တရုတ်နိုင်ငံအနေဖြင့် အပင်မှရရှိသော ပရိုတင်းအရင်းအမြစ်အဖြစ် ပဲပုပ်လိုအပ်ချက် များပြားသည်ဟု ငါးနှင့် ပုစွန်အစာအတွက် ပဲပုပ်ကို တင်သွင်းသည့် ကွမ်တုန်းပြည်နယ်အခြေစိုက် ငါးပုစွန်ကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင် အရာရှိတစ်ဦးက Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စည်းကြပ်ခွန်များကြောင့် အမေရိကန်မှ ပဲပုပ်များဝယ်ယူရန်မှာ ရပ်တန့်နေသောကြောင့် ယခုအခါ တရုတ်တင်သွင်းသူများသည် အခြားရောင်းချမည့်သူများကို ရှာဖွေနေကြကြောင်း သိရှိရပါသည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်များစွာ ဖြစ်စေသောကြောင့် တရုတ်နိုင်ငံအနေဖြင့် အခြားကုန်သွယ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေး တည်ငြိမ်မှုကို မြှင့်တင်ပေးသည်ဟု လေ့လာသူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အမေရိကန်အစိုးရ၏ အကောက်ခွန်မူဝါဒကြောင့် နိုင်ငံတွင်းရှိ လယ်သမားများသည် ပဲပုပ် ထုတ်လုပ်မှုအတွက် မှီခိုနေရသော ပို့ကုန်ဈေးကွက်ကို အပြီးအပိုင် ဆုံးရှုံးသွားနိုင်သည်ဟု အမေရိကန် ပဲပုပ်အသင်း ဥက္ကဋ္ဌ Caleb Ragland က ဧပြီလ (၁၄)ရက်နေ့တွင် NPR အစီရင်ခံစာ၌ ပြောကြားခဲ့ ကြောင်းနှင့် တရုတ်နိုင်ငံသည် အမေရိကန်မှ တင်ပို့သည့် ပဲပုပ်အားလုံး၏ ထက်ဝက်ကျော်ကို ဝယ်ယူလျက်ရှိပြီး အခွန်စည်းကြပ်မှုသည် အမေရိကန်၏ ပဲပုပ်လုပ်ငန်းကို အခက်တွေ့စေကြောင်း သိရှိရပါသည်။

လက်ရှိအခြေအနေတွင် Boeing ဂျက်လေယာဉ်များ၏ ကုန်ကျစရိတ် သိသိသာသာမြင့် တက်လာသည့်အတွက် တရုတ်-ဘရာဇီးလ် လေကြောင်းပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Lin Jian က ပြန်လည်ဖြေကြားရာတွင် ဘရာဇီးနိုင်ငံသည် လေကြောင်းကဏ္ဍတွင် ထိပ်တန်းနိုင်ငံ ဖြစ်ပြီး တရုတ်နိုင်ငံသည် လေကြောင်းနှင့် အခြားနယ်ပယ်များတွင် ဘရာဇီးလ်နိုင်ငံနှင့် လက်တွေ့ ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အထူးအလေးထားကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံမှ တာဝန်ရှိသူများသည် ဘရာဇီးနိုင်ငံအပြင် စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံသို့လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း သွားရောက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာ ဒုတိယဝန်ကြီး Zhang Zhili ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရီးစ်မြို့တွင် ဧပြီလ (၁၄)ရက်နေ့က အာဂျင်တီးနား စိုက်ပျိုးရေး အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက် အရ သိရှိရပါသည်။ ၎င်း၏ ခရီးစဉ်အတွင်း Zhang သည် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု၊ ကောက်ပဲသီး နှံနှင့် ဆီရောင်းဝယ်မှုနှင့် ဇီဝနည်းပညာဆိုင်ရာလုပ်ငန်းများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရှိ ရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: en.people.cn/n3/2025/0418/c90000-20304244.html

.................................................................................................................................

Agribusiness & Trade

## အမေရိကန်၏ အခွန်နှုန်းသတ်မှတ်မှုကြောင့် သက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန်လျှော့ချရန် အင်ဒိုနီးရှားစားအုန်းဆီ ထုတ်လုပ်သူများအသင်းက အဆိုပြု

အင်ဒိုနီးရှား စားအုန်းဆီထုတ်လုပ်သူများအသင်းက အမေရိကန်သမ္မတ၏ အပြန်အလှန် ကုန်သွယ်ခွန်နှုန်းထားတိုးမြှင့်မှု၏ သက်ရောက်မှုကို လျှော့ချနိုင်မည့်နည်းလမ်းအနေဖြင့် လည်းကောင်း၊ အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှား ဆီအုန်းထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန် လျှော့ချရန်အတွက် အင်ဒိုနီးရှားအစိုးရသို့ တောင်းဆိုထားပါသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က "မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုအတွက် ပို့ကုန်အခွန်နှုန်းထားမှာ ၂၄ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်အခွန်နှုန်းထားမှာ ၃၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ပို့ကုန်အခွန်နှုန်းအသစ်ကြောင့် အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဈေးကွက်ဝေစုလျော့နည်းလာသည့် အချိန်တွင် မလေးရှားနိုင်ငံသည် ၎င်း၏ ပို့ကုန်တင်ပို့မှုကို တိုးမြှင့်ရန် အလားအလာရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုမှာ ပြည်တွင်းဈေးကွက် သဘောတူညီမှု၊ ပို့ကုန်စည်းကြပ်ခြင်း၊ ပို့ကုန်အခွန် စသည့်အချက် ၃ ချက်ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း၊ အဆိုပါဝန်ထုပ်ဝန်ပိုးကြောင့် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၁ နီးပါးကျသင့်ပြီး မလေးရှားနိုင်ငံက ၎င်း၏ မူဝါဒအရ မက်ထရစ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၄၀ သာကျသင့်ကြောင်း" ပြောကြားခဲ့ပါသည်။

"အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှား၏ ဈေးကွက်ဝေစုမှာ ၈၉ ရာခိုင်နှုန်းရှိကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်အတွင်း အမေရိကန်နိုင်ငံသို့ စားအုန်းဆီတင်ပို့မှုမှာ သိသိသာသာတိုးတက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၁.၅ သန်း၊ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂.၅ သန်းနှင့် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၂.၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားစားအုန်းဆီအသင်းအနေဖြင့် အစိုးရထံသို့ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် စားအုန်းဆီအပေါ်ကောက်ခံသည့် ပို့ကုန်အခွန်လျှော့ချရန် အဆိုပြုထားကြောင်း၊ အမေရိကန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး အထူးကိစ္စရပ်ဖြစ်ကြောင်း" အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က ပြောကြားခဲ့ပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး Airlangga Hartarto က ဆောင်ရွက်ရန် ဖြစ်နိုင်ချေရှိကြောင်း၊ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Agribusiness & Trade

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က "အပြန်အလှန်ကုန်သွယ်ခွန်နှုန်းထားမြင့်မှုသည် အင်ဒိုနီးရှားစားအုန်းဆီတင်ပို့မှုအပေါ် ဆိုးကျိုးသက်ရောက်စေကြောင်း၊ အစိုးရအနေဖြင့် စားအုန်းဆီအပေါ် ချမှတ်ထားသည့်ပို့ကုန်အခွန်ကို လျှော့ချပေးရန်နှင့် အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှား၏ ဈေးကွက်ဝေစုဆက်လက်တည်မြဲနေရေး ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ကြောင်း၊ ထိုသို့မဟုတ်ပါက မလေးရှားနိုင်ငံနှင့် လက်တင်အမေရိကဒေသမှ အခြားနိုင်ငံများက အင်ဒိုနီးရှားဈေးကွက်တွင် နေရာယူသွားမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည် ကလေးအလုပ်သမားပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း သွင်းကုန်အပေါ် အခွန်ကောက်ခံမှုမှာ ၂၄ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံထက် နည်းကြောင်း၊ အစိုးရအနေဖြင့် ကုန်သွယ်ခွန်နှုန်းထားမြင့်တက်မှုကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှားကုန်စည်များ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးကို ဆောင်ရွက်ပေးနိုင်မည်ဟု ယူဆကြောင်း" ပြောကြားခဲ့ပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး Airlangga Hartarto က သမ္မတ Prabowo Subianto က လုပ်ထုံးလုပ်နည်းပိုင်းလျှော့ချရေး အထူးသဖြင့် အကောက်ခွန်မဟုတ်သည့် လုပ်ထုံးလုပ်နည်းများလျှော့ချရေးကို လမ်းညွှန်ထားကြောင်း၊ အစိုးရအနေဖြင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (United States Trade Representative – USTR)၊ အမေရိကန် ကုန်သွယ်ရေးအဖွဲ့ (USA Chamber of Commerce) တို့နှင့် အစည်းအဝေးများပြုလုပ်၍ အမေရိကန်နိုင်ငံနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်နည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းရေးနည်းလမ်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် (Trade and Investment Framework Agreement – TIFA) တွင် ဘဏ္ဍာရေးကဏ္ဍာကိစ္စရပ်ကို ထည့်သွင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ပြည်တွင်းမှလုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် စဉ်းစားလျက်ရှိကြောင်း သုံးသပ်ရပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ဘာပူ

ရင်းမြစ်။ Indonesian Palm Oil Association

……………………………………………………………………………………………….

## ရုရှားနိုင်ငံသည် ယခုနှစ်တွင် ခေါက်ဆွဲတင်ပို့မှုကို ၅ ရာခိုင်နှုန်း မြှင့်တင်မည်

ရုရှားနိုင်ငံ၏ ခေါက်သတ္တုခေါက်မြေသြဇာထုတ်လုပ်နိုင်မှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၆၅ သန်းအထိ၊ ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့မှုသည် မက်ထရစ်တန် ၄၄ သန်းအထိ၊ ၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း ရုရှားခေါက်မြေသြဇာ ထုတ်လုပ်သူများအသင်း(RAFP) ဥက္ကဌ Mr. Andrey Guryev က ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်အခြေအနေအရ ယခုနှစ် တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိ တိုးလာနိုင်ပြီး ယခင်နှစ်တင်ပို့နိုင်မှုထက် ၂ သန်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ခေါက်မြေသြဇာစက်ရုံများသည် ယင်းပမာဏကို အခြေခံ၍ ၎င်းတို့၏ ထုတ်လုပ်မှုအစီအစဉ်ကို စီစဉ်နေကြကြောင်း၊ စက်ရုံများ၏ အကောင်အထည်ဖော်မှု၏ရလဒ်သည် ၂၀၂၅ ခုနှစ်တွင် ခေါက်မြေသြဇာ ထုတ်လုပ်နိုင်မှုသည် စံချိန်တင် မက်ထရစ်တန်ချိန် ၆၅ သန်းထိ ရှိလာမည်ဖြစ်ကြောင်း Mr. Andrey Guryev က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ခေါက်မြေသြဇာထုတ်လုပ်နိုင်မှုသည် မက်ထရစ်တန်ချိန် ၆၃ သန်း ရှိခဲ့ပြီး တင်ပို့နိုင်မှုသည် မက်ထရစ်တန်ချိန် ၄၂ သန်းအထိ စံချိန်တင်ခဲ့သည်။ ပမာဏတိုးတက်တင်ပို့နိုင်သော နိုင်ငံများမှာ အာရှနိုင်ငံများသို့ ၃၆ ရာခိုင်နှုန်း၊ လက်တင် အမေရိကသို့ ၂၅ ရာခိုင်နှုန်းနှင့် အာဖရိကသို့ ၅ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ရုရှားနိုင်ငံမှ ခေါက်မြေသြဇာ အဓိကတင်ပို့သော နိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့်နိုင်ငံများကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.com/economy/1926709

…………………………………………………………………………………………

# ဂျပန်အစိုးရမှ ရောင်းချခဲ့သည့် အရန်ဆန်များကို ၂၀၂၅ ခုနှစ်၊ မတ်လ ကုန်တွင် စတင်ဝယ်ယူနိုင် တော့မည့် သတင်းအား တင်ပြခြင်း

ဂျပန်အစိုးရအနေဖြင့် နိုင်ငံ့အရန်ဆန်၏ တစ်စိတ်တစ်ပိုင်းကို ၂၀၂၅ ခုနှစ်၊မတ်လ ၁၈ ရက်နေ့မှစတင်၍ လေလံအောင်မြင်ခဲ့သည့် လက်ကားဆန်ဝယ်ယူသူများထံသို့ ဖြန့်ဖြူးပေးခဲ့ကြောင်းနှင့် အဆိုပါဆန်များမှာ မတ်လကုန်တွင် လက်လီအရောင်းဆိုင်များသို့ ရောက်ရှိကာ စံချိန်တင်မြင့်တက်ခဲ့သည့် ဆန်ဈေးနှုန်းကို ကျဆင်းစေနိုင်မည်ဖြစ်ကြောင်း ၁၈-၃-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် "Portion of government rice stockpile to hit shelves as early as next week" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် အရေးပေါ်အရန်ဆန်တန်ချိန် ၁ သန်း၏ တစ်စိတ်တစ်ပိုင်းကို ၂၀၂၅ ခုနှစ်၊မတ်လ ၁၀ ရက်နေ့မှစတင်၍ ၃ ရက်ကြာလေလံတင်ရောင်းချခဲ့ကြောင်း၊ လေလံတင်ရောင်းချခဲ့သည့် ဆန်တန်ချိန် ၁၅၀,၅၇၉ တန်၏ ၉၄ ရာခိုင်နှုန်းဖြစ်သည့် ဆန်တန်ချိန် ၁၄၁,၇၉၆ တန်ကို လက်ကားဖြန့်ဖြူးရောင်းချသူ ၇ ဦးမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၊ ၆၀ ကီလိုဂရမ် ဆန်တစ်အိတ်လျှင် ယန်း ၂၁,၂၁၇ နှုန်းဖြင့် လေလံအောင်မြင်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။

လေလံအောင်မြင်ခဲ့သူများအနက် National Federation of Agricultural Co-operative Associations (JA Zennoh) အနေဖြင့် စိုင်းတမပြည်နယ်ရှိ အစိုးရသိုလှောင်ရုံမှ ဆန်များကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစတင်၍ သယ်ယူလျက်ရှိကြောင်း၊ အဆိုပါ ဆန်များကို မတ်လနှောင်းပိုင်းနှင့် ဧပြီလ လဆန်းပိုင်းတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲသူများအကြား ရောထွေးမှုများ မဖြစ်ပေါ်စေရေးအတွက် အရန်ဆန်များကိုရောင်းချမည့် တစ်ဆင့်ခံဖြန့်ဖြူးရောင်းချသွားမည့်သူများအနေဖြင့် အရန်ဆန်ဟု တံဆိပ်ရိုက်နှိပ်၍ ရောင်းချခြင်းမပြုရန် National Federation of Agricultural Co-operative Associations(JA Zennoh)မှ ပြောကြား ထားကြောင်း ဖော်ပြထားပါသည်။

JA Zennoh အနေဖြင့် အရန်ဆန်များကို ရောင်းချရာတွင် လေလံအောင်မြင်သည့် ဈေးနှုန်းအပေါ်တွင် သယ်ယူစရိတ်နှင့် သိုလှောင်စရိတ်များကိုသာ ထပ်ပေါင်း၍ ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများကြောင့် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့မှုကို လျော့ပါးစေရေးအတွက် အရေးပေါ်ဆန်များအနက် ဆန်တန်ချိန် ၂၁၀,၀၀၀ ကို

ရောင်းချပေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ကျန်ရှိသည့် ဆန်တန်ချိန် ၇၀,၀၀၀ ကို ဒုတိယအကြိမ် လေလံတင်ရောင်းချသွားမည် ဖြစ်ကြောင်း၊ မတ်လ ပထမပတ်တွင် ဂျပန်နိုင်ငံ တစ်ဝန်းရှိ စတိုးဆိုင် ၁၀၀၀ တွင် ပျမ်းမျှဆန်စျေးနှုန်းမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၀၇၇ ယန်း ရှိခဲ့ပြီး စံချိန်တင်များပြားခဲ့ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ဖော်ပြထားပါသည်။

ယခင်နှစ် အလားတူကာလတွင် ၅ ကီလိုဂရမ်ဆန် တစ်အိတ်လျှင် ၂,၀၄၅ ယန်းသာရှိခဲ့ရာမှ ၂ ဆနီးပါးမြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယန်း ၄,၀၀၀ အထက်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဆန်စျေးနှုန်း မြင့်တက်ခဲ့မှုမှာလည်း ၁၀ လကျော် ရှိခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် ၁၉၉၃ ခုနှစ်၌ ဆန်ပြတ်လပ်မှု ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ပြီးနောက် အရန်ဆန်ထားရှိသည့် စနစ်ကို ၁၉၉၅ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ကြောင်းနှင့် ဆန်စျေးနှုန်းကျဆင်းစေရေးအတွက် ယခုကဲ့သို့ အရေးပေါ်ထားရှိသည့် အရန်ဆန်များကို အစိုးရမှ ထုတ်ရောင်းပေးခြင်းမှာမူ ပထမဆုံးအကြိမ် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

**အီးယူ၏ fatty acid နှင့်စပ်လျဉ်း၍ စုပုံတင်သွင်းမှုတားဆီးရေးမူဝါဒ (anti-dumping policy) ကြောင့် ကုန်သွယ်ရေးထိခိုက်မှုရှိကြောင်း အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများ အသင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ စွဲချက်တင်ပြထားခြင်း**

အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများအသင်း (Association of Indonesian Oleochemical Producers) က အင်ဒိုနီးရှားနိုင်ငံ၏ Oleochemical ထုတ်ကုန်များ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်များအတွင်း ဆက်တိုက်တိုးတက်ခဲ့ကြောင်း၊ သို့သော် အိန္ဒိယနိုင်ငံက fatty-alcohol အပေါ် အစိုးရ၏ ထောက်ပံ့မှုတားဆီးရေးမူဝါဒကို ချမှတ်လိုက်ပြီး အီးယူကလည်း fatty acid နှင့် စပ်လျဉ်း၍ စုပုံတင်သွင်းမှုတားဆီးရေးမူဝါဒ (anti-dumping policy) ချမှတ်သောကြောင့် ကမ္ဘာ့စျေးကွက်တွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း တင်ပြထားမှုကို အင်ဒိုနီးရှားစားအုန်းဆီများ အသင်းက သတင်းထုတ်ပြန်ခဲ့ပါသည်။

အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများအသင်း၏ အထွေထွေအတွင်းရေးမှူး Rapolo Hutabarat က "စုပုံတင်သွင်းမှုတားဆီးရေးမူဝါဒ (anti–dumping policy) ကြောင့် အင်ဒိုနီးရှား ဆီအုန်းလုပ်ငန်းများကို သိသိသာသာသက်ရောက်မှုရှိကြောင်း၊ အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများအသင်းဝင်များအားလုံးသည် fatty acid တင်ပို့မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အီးယူသို့ တင်ပို့မှုစာရင်းကို အင်ဒိုနီးရှားစာရင်းအင်းဌာနမှ ထုတ်ပြန်ပါက ၎င်းစာရင်းမှာ အခြားအစီအစဉ်မှရရှိသည့်စာရင်းဖြစ်ပြီး တိုက်ရိုက်တင်ပို့မှုစာရင်း မဟုတ်ကြောင်း၊ အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများအသင်းအနေဖြင့် အီးယူ၏ မူဝါဒကြောင့် ကုန်သွယ်ရေးထိခိုက်မှုရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ စွဲချက်တင်ပြထားကြောင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအခြေအနေမှာ ခုံရုံးဖွဲ့သည့်အဆင့်ဖြစ်ကြောင်း၊ အငြင်းပွားသည့်နိုင်ငံများက ခုံရုံးအဖွဲ့ဝင် အနည်းဆုံး ၆ ဦး တင်ပြရမည်ဖြစ်ပြီး ယင်းအနက် ၃ ဦးကို ရွေးချယ်မည်ဖြစ်ကြောင်း၊ ၎င်း ၃ ဦးမှာ ၁ ဦးသည် ဥက္ကဋ္ဌဖြစ်ပြီး ကျန် ၁ ဦးစီမှာ အဖွဲ့ဝင်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ fatty alcohol နှင့်စပ်လျဉ်းသည့် မူဝါဒကြောင့် အင်ဒိုနီးရှားထုတ်လုပ်သူများ အခက်အခဲတွေ့ကြောင်း၊ အင်ဒိုနီးရှား Oleochemical ထုတ်လုပ်သူများ အသင်းဝင်ကုမ္ပဏီ ၄ ခုမှာ အိန္ဒိယနိုင်ငံသို့ fatty alcohol တင်ပို့နေကြောင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဆိုပါကုန်သွယ်ရေးအတားအဆီးကို ဖြေရှင်းရန်နည်းလမ်း ရှာဖွေသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ပို့ကုန်ပမာဏအရ အလှအပနှင့်ဆေးဝါးထုတ်လုပ်မှုအတွက် အသုံးပြုသည့် Oleochemical ၏ တင်ပို့မှုအခြေအနေမှာ ကောင်းမွန်ကြောင်း Rapolo ပြောကြားခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် Oleochemical တင်ပို့မှုမှာ တန်ချိန် ၄.၂ သန်းနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၅.၄ ဘီလီယံ၊ ၂၀၂၃ ခုနှစ်တွင် တင်ပို့မှုမှာ တန်ချိန် ၄.၆ သန်းနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃.၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် တင်ပို့မှုမှာ တန်ချိန် ၄.၈ သန်းနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ fatty acid တင်ပို့မှုကို ရပ်ဆိုင်းရန်ဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ကုန်စည်ရရှိနိုင်မှုအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ Indonesian Palm Oil Association

……………………………………………………………………………………………

## ၁ ကီလိုဂရမ်လျှင် ကန်ဒေါ်လာ ၆၅ အောက်တန်ဖိုးရှိသော လူသားဆံပင်ကုန်ကြမ်းတင်ပို့မှု အိန္ဒိယ အစိုးရပိတ်ပင်

အိန္ဒိယအစိုးရသည် ၁ ကီလိုဂရမ်လျှင် ကန်ဒေါ်လာ ၆၅ အောက်တန်ဖိုးရှိသော လူသားဆံပင် ကုန်ကြမ်းတင်ပို့မှုအား ပိတ်ပင်လိုက်ကြောင်း နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (DGFT) မှ ၁၀-၂-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၅၉/၂၀၂၄-၂၅ အရ သိရသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ အဆိုပါ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့မှုအား အစိုးရမှ ကန့်သတ်ထားခြင်းဖြစ်ကြောင်း Economic Times သတင်းဌာနက ဖေဖော်ဝါရီလ ၁၀ ရက်က ဖော်ပြထားသည်။

အဆိုပါ အမိန့်ကြောငြာစာတွင် လူသားဆံပင်ကုန်ကြမ်းကို ယခင်က ကန့်သတ်ကုန်အဖြစ် သတ်မှတ်ထားရာမှ ယခုအခါ တားမြစ်ကုန်အဖြစ်သတ်မှတ်လိုက်ကြောင်း၊ သို့သော် သင်္ဘောပေါ် အရောက်ဈေးနှုန်း (FOB Price) ၁ ကီလိုဂရမ်လျှင် ကန်ဒေါ်လာ ၆၅ နှင့် အထက်ရှိပါက လွတ်လပ်စွာ တင်ပို့ခွင့်ရှိကြောင်း ဖော်ပြထားသည်။

လူသားဆံပင်ကုန်ကြမ်းကို မြန်မာနှင့် တရုတ်နိုင်ငံများသို့ တရားမဝင်တင်ပို့မှုများရှိနေပြီး ပြည်တွင်းလုပ်ငန်းများနှင့် ပို့ကုန်တို့အပေါ် ထိခိုက်မှုများရှိလာသည့်အတွက် အစိုးရအနေဖြင့် ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် Andhra Pradesh၊ Telangana နှင့် Tamil Nadu ပြည်နယ်များပြီးလျှင် West Bengal ပြည်နယ်သည် ဆံပင်ကုန်ကြမ်း အဓိကရောင်းဝယ်ရာ အချက်အခြာဒေသဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ အဓိက ပြိုင်ဖက်များမှာ တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

လူသားဆံပင်ကုန်ကြမ်းကို အဆိုပါပြည်နယ်များရှိ အိမ်ထောင်စုများနှင့် ဘာသာရေးကျောင်းများမှ စုဆောင်းရယူပြီး ကမ္ဘာတစ်ဝှမ်းရှိ အလှကုန်ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် remy နှင့် non-remy ဆံပင် အမျိုးအစား (၂) မျိုးကို အဓိက စုဆောင်းရရှိကြောင်း၊ ၎င်းတို့ အနက် Remy ဆံပင်မှာ အကောင်းဆုံး အရည်အသွေးရှိကာ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအရ အဆိုပါဆံပင်များကို ကပ်လှူပူဇော်ရာမှ စုဆောင်းရယူကြောင်း သိရသည်။ အဆိုပါ ဆံပင်အမျိုးအစားကို ဆံထုံးများ၊ ဆံပင်တုများပြုလုပ်ရာတွင် အဓိကသုံးစွဲပြီး၊ Non-remy အမျိုးအစားဆံပင်ကိုမူ ကျေးရွာနှင့် မြို့ပြဒေသများရှိ အိမ်ထောင်စုများ၏ စွန့်ပစ်ပစ္စည်းအနေဖြင့်

Agribusiness & Trade

စုဆောင်းရယူကြောင်း သိရသည်။ စုဆောင်းရရှိသော အဆိုပါ ဆံပင်ကုန်ကြမ်းများကို ဝယ်ယူသူများထံ ရောင်းချကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ လူသားဆံပင်ကုန်ကြမ်း တင်ပို့မှု အမေရိကန် ဒေါ်လာ ၁၂၃ ဒသမ ၈၆ သန်းရှိကာ ယခင်ဘဏ္ဍာနှစ် ကာလတူက ကန်ဒေါ်လာ ၁၂၄ သန်းတင်ပို့ ရောင်းချခဲ့ပြီး၊ မြန်မာနိုင်ငံသို့ အဓိကတင်ပို့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူသားဆံပင်ကုန်ကြမ်းများကို တစ်ဝက်တစ်ပြက်ကုန်ချောအဖြစ် ပြုပြင် ထုတ်လုပ်ပြီး အိမ်နီးချင်း တရုတ်နိုင်ငံအပါအဝင် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိ ကြောင်း သိရသည်။ ပျော်ဘွယ်၊ မန္တလေး၊ ရန်ကုန်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသတစ်ချို့တွင် အဓိက ထုတ်လုပ်ပြီး၊ အလုပ်အကိုင်များဖန်တီးပေးရာတွင် များစွာအထောက်အကူပြုကြောင်း မြန်မာကုန်သည် အသိုင်းအဝိုင်းထံမှ သိရပါသည်။

သို့သော် ဈေးကွက်အတွင်း သွင်းကုန်လိုင်စင်ကိုင်ဆောင်ထားသော ကုမ္ပဏီအနည်းစုမှ ဈေးကွက်ကို ထိန်းချုပ်ထားကာ အလယ်အလတ်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများအနေဖြင့် ဈေး ကွက်ရရှိရန်နှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်ရန် အခက်အခဲရှိကြောင်း၊ အကြွေးရောင်း၊ အကြွေးဝယ်စနစ် နှင့် တရားမဝင် ရောင်းဝယ်မှုများကြောင့် ရောင်းသူနှင့် ဝယ်သူတို့အကြား မကြာခဏဆိုသလို အငြင်းပွားမှုများဖြစ်ပေါ်ကာ နစ်ဖက်ဆုံးရှုံးနစ်နာမှုများရှိသည်ဟု ကြားသိရပါကြောင်းနှင့် တရားဝင် ဈေးကွက်ဖော်ဆောင်နိုင်အောင် မူဝါဒပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်လျှင် ပိုမိုကောင်းမွန်မည်ဟု သုံး သပ်ရပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Govt bans export of raw human hair below USD 65 per kg, April 10, 2025.

……………………………………………………………………………………………….

Agribusiness & Trade

## Apple ကုမ္ပဏီသည် အိန္ဒိယနိုင်ငံမှ iPhone ဖုန်း အလုံးရေ ၁ ဒသမ ၅ သန်းခန့် (ခန့်မှန်း ၆၀၀ တန်) ကို ကုန်တင်လေယာဉ် ၆ စီးဖြင့် အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းမှ

Apple ကုမ္ပဏီသည် အိန္ဒိယနိုင်ငံမှ iPhone ဖုန်း အလုံးရေ ၁ ဒသမ ၅ သန်းခန့် (ခန့်မှန်း ၆၀၀ တန်) ကို ကုန်တင်လေယာဉ် ၆ စီးဖြင့် အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းမှ သယ်ယူပို့ဆောင်ခဲ့ကြောင်း Reuters သတင်းဌာနက အရင်းအမြစ်များကို ကိုးကား၍ ယခုလ ၁၀ ရက်က ဖော်ပြသည်။ အဆိုပါ လုပ်ဆောင်ချက်သည် အထူးသဖြင့် ထရမ့်အစိုးရလက်ထက်တွင် စတင်ခဲ့သော အကောက်ခွန်တိုးမြှင့်မှု၏ အကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Apple အနေဖြင့် အမေရိကန်ဈေးကွက်အတွက် ၎င်း၏ ကုန်လက်ကျန်များကို တိုးမြှင့်ရန်နှင့် မြင့်မားသော အကောက်ခွန်နှုန်းထားများကို ရှောင်ရှားရန်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တရုတ်ထုတ်ကုန်များအတွက် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်နှုန်းမှာ ယခင် ၅၄ ရာခိုင်နှုန်းမှ ၁၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ပြီး၊ နောက်ဆုံးပေါ် iPhone 16 Pro Max ၏ ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၁,၅၉၉ မှ ၂,၃၀၀ အထိ မြင့်တက်စေနိုင်ကြောင်း Rosenblatt Securities ကဲ့သို့ ဆန်းစစ်သူများက ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံအတွက် အကောက်ခွန်နှုန်းမှာ ၂၆ ရာခိုင်နှုန်းသာ ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ကုန်တင်လေယာဉ်များဖြင့် တင်ပို့နိုင်ရန် Apple သည် အိန္ဒိယနိုင်ငံ Chennai လေဆိပ်တွင် ပုံမှန်ဆိုလျှင် ၃၀ နာရီကြာ စောင့်ဆိုင်းရမည့် အကောက်ခွန်စစ်ဆေးမှုအစား ၆ နာရီသာကြာမြင့်သော "အစိမ်းရောင်လမ်းကြောင်း (green corridor)" စနစ်ကို အိန္ဒိယအစိုးရ၏ အကူအညီဖြင့် ၈ လကြာ အချိန်ပေးဆောင်ရွက်ပြီး ရယူခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းတွင် ၎င်း၏ iPhone ထုတ်လုပ်မှုကိုလည်း တိုးမြှင့်ခဲ့ပြီး၊ အဓိက ထုတ်လုပ်သူများဖြစ်သော Foxconn နှင့် Tata ကုမ္ပဏီတို့သည် Chennai ရှိ ၎င်းတို့၏ စက်ရုံများတွင် တနင်္ဂနွေနေ့အပါအဝင် အချိန်ပိုအလုပ်သမားများကိုပါထည့်သွင်း အလုပ်လုပ်စေပြီး ထုတ်လုပ်မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Apple ကုမ္ပဏီသည် တစ်ကမ္ဘာလုံးသို့ တစ်နှစ်လျှင် iPhone အလုံးရေ ၂၂၀ သန်းကျော် ရောင်းချလျက်ရှိရာ အဆိုပါဖြစ်ရပ်သည် Apple ၏ အရောင်းကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုကို အိန္ဒိယနိုင်ငံဘက်သို့ ရွှေ့ပြောင်းလာမှုအား မီးမောင်းထိုးပြခြင်းသည်။ ယခုအခါ အမေရိကန်သို့ တင်ပို့သော iPhone စုစုပေါင်း၏ ၅ ပုံ ၁ ပုံ သို့မဟုတ် ၂၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံမှ ထောက်ပံ့ပေးနေကြောင်း Counterpoint Research ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံ Foxconn ကုမ္ပဏီမှ

ယခုနှစ် ဇန်နဝါရီလတွင် Apple ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇၀ သန်းနှင့် ဖေဖော်ဝါရီလတွင် ၆၄၃ သန်း အသီးသီးတင်ပို့ခဲ့ပြီး Chicago နှင့် Los Angeles ကဲ့သို့သော အမေရိကန်၏ အဓိကပို့ကုန်ဌာနများသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

သို့ပါ၍ အမေရိကန်ထိပ်တန်း မိုဘိုင်းဖုန်းကုမ္ပဏီဖြစ်သော Apple ကုမ္ပဏီအနေဖြင့် အိန္ဒိယ နိုင်ငံတွင် တပ်ဆင်ထုတ်လုပ်သော iPhone အလုံးရေ ၁ ဒသမ ၅ သန်းခန့် (ခန့်မှန်း ၆၀၀ တန်) ကို မိခင်နိုင်ငံသို့ ကုန်တင်လေယာဉ် ၆ စီးဖြင့် လေကြောင်းမှ သယ်ယူပို့ ဆောင်ခဲ့ပြီး၊ လတ်တလော ဖြစ်ပွားလာဖွယ်ရှိသော ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများကိုရှောင်ရှားရန် စီမံခန့်ခွဲမှု လုပ်ဆောင်ခဲ့ ကြောင်းနှင့် ကမ္ဘာ့နည်းပညာထုတ်လုပ်မှုကဏ္ဍတွင် အိန္ဒိယနိုင်ငံ၏ အရေးပါမှုကို မီးမောင်းထိုးပြ လျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Reuters, Apple airlifts 600 tons of iPhones from India 'to beat' Trump tariffs, sources say, April 10, 2025

## ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အင်ဒိုနီးရှားတို့အကြား FTA သဘောတူညီချက်စာချုပ်ကို ဇွန်လတွင် လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်း

ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union – EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံ တို့အကြား လွတ်လပ်သောကုန်သွယ်မှုဇုန် ထူထောင်ရေး သဘောတူညီချက်မူကြမ်းကို လာမည့် နွေရာသီအစတွင် အပြီးသတ်နိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Sergey Tolchenov က ပြောကြားခဲ့သည်။

EAEU နှင့် အင်ဒိုနီးရှားတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreements– FTA) ကို တတ်နိုင်သမျှ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်မည်ဟု မော်စကိုက မျှော်လင့်ထားပြီး အခြား EAEU အဖွဲ့ဝင်များ(အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်) သည် FTA စာရွက်စာတမ်းများ၏ စာသားပေါ်တွင် လုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက မှတ်ချက်ပြုသည်။

Agribusiness & Trade

FTA သည် ရုရှားနှင့် အင်ဒိုနီးရှားတို့အကြား သဘောတူညီချက်မဟုတ်ဘဲ EAEU အဖွဲ့ဝင်အားလုံး ပါဝင်ကြောင်း၊ ယင်းကြောင့် နိုင်ငံများ၏အကြီးအကဲ(EAEU နှင့် အင်ဒိုနီးရှား) ခြောက်နိုင်ငံစလုံးက လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် အင်ဒိုနီးရှားတို့သည် ဖွန်လ မတိုင်ခင်တွင် အပြီးသတ် ညှိနှိုင်းဆွေးနွေးနိုင်ပါ က ခေါင်းဆောင် (၆) ဦးသည် မော်စကိုတွင် အတူတကွ လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ရုရှား သံအမတ်ကြီးက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတသည် ဖွန်လတွင် ရုရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်ရန်ရှိပြီး EAEU နှင့် FTA သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ရည်ရွယ်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးရာ ညှိနှိုင်းရေးဝန်ကြီး Mr. Airlangga Hartarto က ပြောကြားခဲ့သည်။

EAEU နှင့် အီရန်နိုင်ငံတို့အကြား FTA သဘောတူညီချက်သည် မေလ ၁၅ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း Eurasian Economic Commission က ကြေညာထားသည်။

ယင်းအပြင် EAEU နှင့် United Arab Emirates (UAE) နိုင်ငံတို့အကြား FTA သဘောတူညီချက်ကို ယခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်မည်ဟု ရုရှားနိုင်ငံ၏ ပထမ- ဒုတိယဝန်ကြီးချုပ် Mr. Denis Manturov က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : [https://tass.com/economy/1931343](https://tass.com/economy/1931343)

…………………………………………………………………………………………………………

Agribusiness & Trade